# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 28, 2019 Volume 16, Number 19


**၂၈.၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၂၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၀၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၁/ကျပ် |
| CBM Rate | = ၁၅၀၈.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၆.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၈.၂ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၀၅.၉ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၆၀.၈ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၆.၆ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၅၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၂၁၇ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၄.၁၄ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၀.၆၅ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၇၉၇ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ထိပ်တန်းရော်ဘာထုတ်လုပ်သူတွေ နိုင်ငံခြားတင်ပို့မှု လျှော့ချဖြတ်တောက်မည်

ထိပ်တန်းကမ္ဘာ့သဘာဝ ရော်ဘာထုတ်လုပ်သူတွေက သူတို့အနေနဲ့ ကမ္ဘာ့ရော်ဘာဈေးကို တွန်းတင်ဖို့ ကြိုးပမ်းတဲ့အနေနဲ့ နိုင်ငံခြားတင်ပို့မှု တန် ၃၀၀၀၀၀ လျှော့ချမယ်လို့ပ သောကြာနေ့တုန်းက ပူးတွဲ ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။ ဒီလျှော့ချဖြတ်တောက်တင်ပို့မှုကို AETS လို့ အတိုကောက်ခေါ်တယ်။ Agreed Export Tonnage Scheme ပေါ့။ ဒါကို သောကြာနေ့က အစည်းအဝေးမှာ ITRC- International Tripartite Rubber Council- ရော်ဘာကြီး သုံးကြီးအဖွဲ့လို့ပဲဆိုပါစို့- က ကြေညာလိုက်တာပါ။ ITRC ကို ထိုင်း၊ အင်ဒိုနီးရှားနဲ့ မလေးရှားတို့လို ရော်ဘာထိပ်သီး သုံးနိုင်ငံနဲ့ ဖွဲ့စည်းထားတယ်။ ဒီသုံးနိုင်ငံက ကမ္ဘာ့ရော်ဘာအထွက်ရဲ့ ၇၀ ရာခိုင်နှုန်းခန့် ထုတ်လုပ်နေကြပါတယ်။

"မတ်လ ၄ ရက်မှာ တနိုင်ငံစီရဲ့ လျှော့ချဖြတ်တောက်မယ့် ပမာဏကို ဆွေးနွေးကြမယ်။ သင့်တော်တဲ့ အချိန်နဲ့ ပမာဏကိုပါ" ဂရီဆဒါ ဘွန်းရာ့ချ်က သတင်းစာရှင်းလင်းပွဲမှာ သတင်းတောက်တွေကို ပြောပြတယ်။ သူက ထိုင်းရဲ့ စိုက်ပျိုးရေးဝန်ကြီးပါ။ ဒါပေမယ့် ဝန်ကြီးက ဖြတ်တောက်လျှော့ချမှုကို ရွှေ့ဆိုင်းထားနိုင်ဖို့ အကြံပေးထားတယ်။ " အဲဒီအခါ မတ်လ ၄ ရက်နေ့မှာ ဒီစီမံချက်က မလိုတော့ဘူးလို့ ကျနော်တို့ ဆုံးဖြတ်ရင်၊ ကျနော်တို့ ဆိုင်းငံ့ထားရမှာပဲ" ဟု ၄င်းက ပြောသည်။ ၂၀၁၈ ခုနှစ် တစ်နှစ်လုံးနဲ့ ဒီနှစ်စောစောပိုင်းမှာပါ၊ သဘာဝရော်ဘာဈေးဟာ အနိမ့်ပိုင်းမှာပဲ တဝဲလည်လည်နဲ့ ပါလို့ သုံးနိုင်ငံလုံးက သူတို့ရဲ့ ကြေညာချက်မှာ ဆိုပါတယ်။

နိုဝင်ဘာလမှာ TOCOM ရဲ့ စံရော်ဘာဈေးဟာ ၂၇ လအတွင်း အနိမ့်ဆုံးထိ တိုင်ရောက်သွားပါတယ်။ ဒါက ကမ္ဘာ့ရောင်းလိုအားများနေတာကို စိုးရိမ်ပူပန်ပြီးတော့ ကျသွားတာပါ။ တချိန်တည်းမှာ ထိုင်းရဲ့ RSS-3 ရော်ဘာကလည်း သုံးနှစ်နီးပါးအတွင်း အနိမ့်ဆုံးကို ရောက်သွားခဲ့တယ်။ သောကြာလှုပ်ရှားမှုဟာ သုံးနိုင်ငံအုပ်စုရဲ့ ၆ ကြိမ်မြောက် အိတ်စ်ပို့ ကန့်သတ်ဖို့လုပ်တဲ့ ကြေညာချက်ထုတ်တာပါ။ ၂၀၁၇ နောက်ပိုင်းက သဘောတူညီထားတဲ့ ၃ လအတွင်း တန် ၃၅၀၀၀၀ လျှော့ချတင်ပို့ဖို့ရဲ့ နောက်ဆက်တွဲပါ။ အိတ်စ်စပို့ လျှော့ချဖို့အပြင် ကြီးသုံးကြီးက သူတို့သုံးနိုင်ငံအတွင်း ရော်ဘာသုံးလမ်းခင်းခြင်းလို့ ပြည်တွင်းရော်ဘာအသုံးကို သိသိသာသာမြှင့်တင်ဖို့လည်း ကြိုးစားလုပ်ဆောင်ကြဖို့ သဘောတူ လိုက်ကြတယ်။

**Source:** https://www.facebook.com/groups/531278103594750/

## ယခုနှစ် ဖိလစ်ပိုင်ဆန်တင်သွင်းမှု တန်ချိန် လေးသန်းအထိ ရှိလာနိုင်




ဖိလစ်ပိုင်နိုင်ငံတွင် ဆန်တင်သွင်းမှုဖြေလျှော့ရေး ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ ယခုနှစ် ဆန်တင်သွင်းမှုသည် စံချိန်တင် အမြင့်ဆုံးအဖြစ် တန်ချိန်လေးသန်းအထိ ရောက်ရှိလာနိုင်သည်။

အမျိုးသားစားနပ်ရိက္ခာ အာဏာပိုင်အဖွဲ့ (NFA) သည် ကုန်သည်များနှင့် သွင်းကုန်လုပ်ငန်းများထံမှ ဆန်တင်သွင်းရန် လျှောက်ထားမှု ၂၀၀ ကျော်အထိ လက်ခံရရှိထားကြောင်း NFA အကြီးအကဲ Tomas Escarez က တနင်္လာနေ့က ပြောသည်။ လျှောက်ထားမှုများအရ စုစုပေါင်းတင်သွင်းမည့် ဆန်ပမာဏမှာ တန်ချိန် နှစ်သန်းအထိရှိပြီး ၄င်းအနက် ၂၀ ရာခိုင်နှုန်းမှာ ပြည်တွင်းသို့ ရောက်ရှိပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဖိလစ်ပိုင်သွင်းကုန်လုပ်ငန်း AgricultueInc(ANI) နှင့် ဗီယက်နမ်အကြီးဆုံး ဆန်ပို့ကုန်လုပ်ငန်း Vinafood II တို့အကြား ဆန်စာချုပ်မှတစ်ဆင့် ယခုနှစ်တွင် ဆန်ပမာဏများစွာတင်သွင်းမည်ဟု ANI ၏ ဥက္ကဋ္ဌနှင့် စီအီးအိုဖြစ်သူ AgriNurture Inc က Inqurire သတင်းဌာနသို့ အတည်ပြုသည်။ Vinafood II လုပ်ငန်းသည် ANI ကုမ္ပဏီထံသို့ ဒေါ်လာတစ်ဘီလျံနီးပါး တန်ဖိုးရှိသော ဆန်လုံးရှည် တန်ချိန် နှစ်သန်းကို မူပိုင်အားဖြင့် နှစ်စဉ်ထောက်ပံ့ရောင်းချရန် သဘောတူထားသည်။

ANI အနေဖြင့် သွင်းကုန်လျှောက်ထားမှုမပြုမီ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ အတည်ပြုဋ္ဌာန်းမှုကို စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်း Tiu က စာတိုပေးပို့၍ ပြောကြားခဲ့သည်။ ANI သည် တင်သွင်းဆန်ကို ဈေးကွက်သို့ တိုက်ရိုက်ရောင်းချရန် စီစဉ်ထားသည်။

မကြာသေးမီက အတည်ပြုပြဋ္ဌာန်းခဲ့သော ဆန်တင်သွင်းမှု ဖြေလျှော့ရေး ဥပဒေအရ ယခုအခါ သွင်းကုန်လုပ်ငန်းများအနေဖြင့် လယ်ယာစိုက်ပျိုးရေးဗျူရိုထံသို့ ပါမစ်လျှောက်ထားရုံဖြင့် ဆန်တင်သွင်း နိုင်တော့မည်ဖြစ်သည်။ ဥပဒေအရအရှေ့တောင်အာရှမှ တင်သွင်းသောဆန်အပေါ် အခွန် ၃၅ ရာခိုင်နှုန်းနှင့် အခြားဒေသများမှ တင်သွင်းသော ဆန်အပေါ် အခွန် ၅၀ ရာခိုင်နှုန်းသတ်မှတ်ထားသည်။

သွင်းကုန်လျှောက်ထားမှုများအရ ယခုနှစ်၏ တင်သွင်းမှုပမာဏမှာ သမ္မတဟောင်း အာရိုယို လက်ထက်က တင်သွင်းခဲ့သည့် စံချိန်တင်ပမာဏ တန်ချိန် ၂ ဒသမ ၃၄ သန်းကျော်ကို ကျော်ဖြတ်ဖွယ် ရှိနေသည်။

ဗီယက်နမ်နှင့် ထိုင်းတိုင်ငံတို့၌ ဆန်တစ်ကီလိုထုတ်လုပ်ရန် ခြောက်ပီဆိုမျှသာစရိတ်ကုန်ကျ သော်လည်း ဖိလစ်ပိုင်နိုင်ငံ၌ တောင်သူများ ကုန်ကျသောစရိတ်မှာ ၁၂ ပီဆိုအထိရှိသည်။

ဖိလစ်ပိုင်ဆန်ထုတ်လုပ်ရာပြည်နယ်များတွင် တောင်သူလက်ဝယ် စပါးပေါက်ဈေးများ တစ်ကီလိုလျှင် ၁၄ ပီဆိုသို့ ကျဆင်းလာခဲ့ကြောင်း ဖိလစ်ပိုင်တောင်သူလယ်သမားအကြံပေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။ ဖိလစ်ပိုင် စာရင်းအင်းအေဂျင်စီ၏ ဈေးနှုန်းအစီရင်ခံစာများအရ ဖေဖော်ဝါရီလ ပထမပတ်တွင် ဖြစ်ပေါ်ခဲ့သော တောင်သူ လက်ဝယ် စပါးပေါက်ဈေးမှာ တစ်ကီလိုလျှင် ၁၉ ဒသမ ၇ ပီဆိုရှိခဲ့ပြီး ငါးပတ် ဆက်တိုက် ဈေးနှုန်း ကျဆင်းခဲ့ခြင်းဖြစ်သည်။

စပါးဈေးကျဆင်းလာရခြင်းမှာ ဆန်တင်သွင်းမှုဥပဒေ အတည်ပြုပြဋ္ဌာန်းလိုက်ခြင်းကြောင့် မဟုတ်ဘဲ ဈေးကွက်သို့ ဈေးသက်သာသောဆန်များ အလုံးအရင်းဝင်ရောက်လာမည်ဟူသော ဈေးကစားမှုများကြောင့် ဖြစ်ကြောင်း စိုက်ပျိုးရေးအတွင်းဝန် Emmanuel Pinol က ပြေသည်။

**Source: the farmer Journal**

## ငွေကြေးဈေးကွက်တွင် ဒေါ်လာဈေးကျပြီး ကျပ်ငွေတန်ဖိုးမာ



ဗဟိုဘဏ်က တစ်ရက် ကန်ဒေါ်လာငါးသန်းခန့် ပုဂ္ဂလိကဘဏ်များထံမှ ဝယ်ယူ နေသော်လည်း ပြည်တွင်း ငွေကြေးဈေးကွက်တွင် ယခုနှစ်အတွင်း ပထမအကြိမ်အဖြစ် တစ်ဒေါ်လာလျှင် ကျပ် ၁,၅၀၀ အောက်သို့ ကျဆင်းလာသည်။ ဗဟိုဘဏ်က ဒေါ်လာတန်ဖိုး အတက် အကျကို ထိန်းလိုခြင်းကြောင့် ဖေဖော်ဝါရီ ၂၂ ရက်က စတင်ပြီး ပုဂ္ဂလိကဘဏ်များထံမှ ဒေါ်လာ ၂၃ သန်းကို ရည်ညွှန်း ငွေလဲနှုန်းဖြင့် ဝယ်ယူခဲ့သည်။

ဖေဖော်ဝါရီ ၂၇ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၁,၅၀၀ ကျော်ဖြင့် ဈေးကွက်ဖွင့်ခဲ့သော် လည်း ညနေတွင် ၁,၄၉၇ ကျပ် ဝန်းကျင်သို့ ကျဆင်းလာသည်။

အထည်ချုပ်အလုပ်သမားများ လစာပေးရန် ဒေါ်လာအဝယ်များခြင်း၊ နိုင်ငံတကာ ငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုး ကျဆင်းခြင်းကြောင့် ကျပ်ငွေတန်ဖိုး မြင့်လာခြင်းဟု စီးပွားရေးလုပ်ငန်း ရှင်အချို့က သုံးသပ်သည်။"နိုင်ငံတကာမှာက အမေရိကန်၊ တရုတ်ကုန်သွယ်ရေး စစ်ပွဲအခြေအနေ ကောင်းလာတော့ ဒေါ်လာတန်ဖိုးကျပြီး စတော့တန်ဖိုးတက်လာတာလည်း ပါတယ်" ဟု မြန်မာနိုင်ငံ မော်တော်ယာဉ် တင်သွင်းထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောသည်။ ထို့အပြင် ဒေါ်လာတန်ဖိုး ကျခြင်းကြောင့် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် ၁,၃၂၇ ဒေါ်လာသို့ မြင့်တက်နေသည်။

နိုင်ငံတကာ အခြေအနေကြောင့် လာမည့်ရက်များတွင် ပြည်တွင်းငွေကြေးဈေးကွက်၌ ဒေါ်လာတန်ဖိုး ခန့်မှန်းရန် ခက်ခဲကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။

နိုင်ငံခြားမှ တစ်ရက်လျှင် ဒေါ်လာ ၁၃၃ သန်းကျော် တင်သွင်းနေရသော မြန်မာနိုင်ငံတွင် ကျပ်ငွေတန်ဖိုး မြင့်တက်လာခြင်းက နိုင်ငံ့စီးပွားရေးအတွက် ကောင်းသည့်အလားအလာဟု စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောကြားသည်။

သို့သော် ဒေါ်လာ ၁၁၄ သန်းကျော် ပြည်ပသို့ပို့ကုန်တင်ပို့နေသည့် လုပ်ငန်းရှင်များအတွက် ကျပ်ငွေတန်ဖိုး ပြန်မြင့်တက်ခြင်းက အကျိုးအမြတ် လျော့နည်းစေသည်။"ငွေလဲနှုန်းက ငြိမ်နေဖို့လိုပါတယ်" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောသည်။ လက်ရှိအချိန်သည်ဆောင်း ရာသီတွင် မတ်ပဲအသစ်ပေါ်ချိန်ဖြစ်ပြီး အိန္ဒိယအပါအဝင် ပြည်ပနိုင်ငံများသို့ အဓိကထားတင်ပို့ရန် စိုက်ပျိုးထုတ်လုပ်သည့် မတ်ပဲကို ဒေါ်လာဖြင့် ရောင်းချခြင်းဖြစ်ရာ ဒေါ်လာတန်ဖိုးလျော့နည်းခြင်းက မတ်ပဲဈေးကျဆင်းလာနိုင်သည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။

**Source:** http://www.7daydaily.com/story/151018

## ရွှေဘိုပေါ်ဆန်းမျိုးစေ့ကို စစ်ကိုင်းတိုင်းအစိုးရ ရန်ပုံငွေဖြင့်ဝယ်ပြီး ဖြန့်ချိရန်အဆို လွှတ်တော်အတည်ပြု

ရွှေဘိုပေါ်ဆန်းစပါးမျိုးစေ့များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့်ဝယ်ယူ၍ တောင်သူများထံဖြန့်ချိရောင်းချရန် အဆိုကို မဲခွဲဆုံးဖြတ်ချက်ဖြင့် အတည်ပြုခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ပြောသည်။

ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် ဒီပဲယင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမင်းဝင်း၏အဆိုကို ပထမဆုံးအကြိမ် အီလက်ထရွန်နစ်မဲပေးစနစ်ဖြင့် မဲခွဲဆုံးဖြတ်၍ အတည်ပြုခဲ့သည်။

"ဒီပဲယင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမင်းဝင်း၏ အဆိုနှင့်စပ်လျဉ်းပြီး ထောက်ခံသူများတဲ့ အတွက် အဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်" ဟု ဦးသန်းက ပြောသည်။ ယင်းအဆိုကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆွေးနွေးသူ ၁၀ ဦး အနက် ခြောက်ဦးက ထောက်ခံဆွေးနွေးပြီး လေးဦးက ကန့်ကွက် ဆွေးနွေးခဲ့ကြောင်း ဦးသန်းက ဆိုသည်။

"စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံများ အထွက်တိုးရေးအတွက် မျိုးကောင်း မျိုးသန့်များ ထုတ်လုပ်ခြင်း၊ ဝယ်ယူဖြည့်တင်းရန် ဖြန့်ဖြူးခြင်းတို့အား ဆောင်ရွက်လျက်ရှိပါတယ်။ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းလုပ်ငန်းအား ယခင်ဌာနပိုင်ခြံများမှာ ဆောင်ရွက်ခဲ့ရာမှာ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ မျိုးစေ့ကုမ္ပဏီများမှ ဖြန့်ဖြူးပေးခြင်း၊ အကျိုးဆောင် တောင်သူများအား တင်ဒါများပေး၍ မျိုးစေ့ထုတ်စေခြင်း၊ မျိုးစေ့ထုတ် တောင်သူအစုအဖွဲ့များ၊ မျိုးစေ့ထုတ် တောင်သူသမဂ္ဂအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်စေခြင်းအားဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်ကြိုးစားလျက်ရှိပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးကိုယ်စား စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က လွှတ်တော်၌ ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းကို ရေရှည်တည်တံ့ရေး ရွှေဘိုပေါ်ဆန်စပါး စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်းကို တရားဝင်ဖွဲ့စည်းထားပြီး ထိုအဖွဲ့က သက်ဆိုင်ရာ ပညာရှင်များနှင့် ဆောင်ရွက်ကာ ရွှေဘိုပေါ်ဆန်း ဖြန့်ဖြူးရေးကို စိုက်ပျိုးရေးဦးစီးဌာန၏ အကူအညီရယူရန် ကမ်းလှမ်းနေသည်။ ယင်းအသင်းက စိုက်ပျိုးရေးဦးစီးဌာန၏ စစ်ဆေးခွင့်ပြုချက်ရလျှင် ဒေသမရွေး တောင်သူစိုက်ခင်းများမှ မျိုးစပါးများ ဝယ်ယူစုဆောင်းမည်ဖြစ်ကြောင်း ဦးမြင့်ကြည်က ပြောသည်။

ဒီပဲယင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမင်းဝင်း တင်သွင်းသည့်အဆိုသည် သက်ဆိုင်ရာ ဌာန၏ အားနည်းချက်၊ အားသာချက်များကို ထည့်သွင်းဖော်ပြထားမှုမရှိခြင်း ရွှေဘိုပေါ်ဆန်းတစ်ခုကိုသာ အဓိကထား ဖော်ပြထားသဖြင့် အဆိုအား ကန့်ကွက်ခဲ့ကြောင်း ကနီမြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း က ပြောသည်။

**Source:** http://www.7daydaily.com/story/150994

## ရန်ကုန်မြို့သစ်စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများ အခွန်ကင်းလွတ်ခွင့် ငါးနှစ်ရမည်

ရန်ကုန်မြို့သစ် စီမံကိန်းတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများ အခွန်ကင်းလွတ်ခွင့် ငါးနှစ်ရရှိနိုင်မည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ဖေဖော်ဝါရီ ၂၆ ရက်တွင် ရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ရန်ကုန်မြို့သစ် စီမံကိန်းသည် ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် ပါဝင်သဖြင့် ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အခွန်ငါးနှစ် ပေးနိုင်ပြီး ဥပဒေအရ အစိုးရက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်လိုသည့် လုပ်ငန်းတိုင်းကို အခွန်ကင်းလွတ်ခွင့်ပေးမည်ဟု ၎င်းက ဆိုသည်။

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်လိုသည့် လုပ်ငန်းမဟုတ်ပါက ခွင့်ပြုမည်မဟုတ်ဘဲ လက်ရှိတွင် အဆိုပါစီမံကိန်းနှင့် ပတ်သက်ပြီး တိုင်းအစိုးရက ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလာခြင်းမရှိသေးဟု ၎င်းက ပြောသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်လိုသည့် လုပ်ငန်းများမှာ လုပ်သားဦးစားပေးလုပ်ငန်းများ၊ စိုက်ပျိုးရေးအခြေခံ လုပ်ငန်းများနှင့် အခြေခံ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများဖြစ်ပြီး ရင်းနှီးမြှုပ်နှံသည့် ဇုန်အလိုက် အခွန်ကင်းလွတ်ခွင့် ခံစားနိုင်မည် ဖြစ်သည်။


ရန်ကုန်မြို့သစ်စီမံကိန်းကို တိုင်းအစိုးရပိုင် ရန်ကုန်မြို့သစ် ဖွံ့ဖြိုးရေးကုမ္ပဏီ (NYDC) က ရန်ကုန်မြစ် တစ်ဖက်ကမ်း တွင် အကောင်အထည်ဖော်နေခြင်း ဖြစ်သည်။ လက်ရှိတွင် ရန်ကုန်မြို့သစ် ပထမအဆင့် ပြုလုပ်မည့် လျှပ်စစ်ဓာတ်အား ထောက်ပံ့ရေးနှင့် ဖြန့်ဖြူးရေး၊ အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ ဆိုက်ဘာဆက်သွယ်ရေး အခြေခံအဆောက်အအုံများ

ဆောက်လုပ်ခြင်း၊ ရေဆိုးစနစ်၊ ဓာတ်ငွေ့ထောက်ပံ့ရေးနှင့် ဖြန့်ဖြူးရေးနှင့် ကွန်ဗင်းရှင်းစင်တာကို တင်ဒါခေါ်ထားသည်။

ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အခွန်ကင်းလွတ်ခွင့်ကို ဒေသအလိုက် ဖုန်သတ်မှတ်ထားကာ သုံးနှစ်၊ ငါးနှစ်နှင့် ခုနစ်နှစ် သတ်မှတ်ထားသည်။ ဖွံ့ဖြိုးမှု အနည်းဆုံးဒေသတွင် လုပ်ငန်းလုပ်ဆောင်ပ က အခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်ရရှိမည်ဖြစ်ပြီး ကျန်ဒေသများတွင် ငါးနှစ်နှင့် သုံးနှစ်ရရှိမည် ဖြစ်သည်။

**Source:** http://www.7daydaily.com/story/151019

## လူလုပ်ပယင်းတွေကြောင့် သဘာဝပယင်းဈေးကွက် ထိခိုက်မှာစိုးရိမ်



အစစ်ထက် ပိုမိုလှပအောင် ပြုပြင် ထုတ်လုပ်ထားတဲ့ လူလုပ် ပယင်းတွေကြောင့်သဘာဝပယင်းအရောင်းအဝယ်ဈေးကွက်ထိခိုက်လာမှာကို ကျွမ်းကျင်သူအချို့က စိုးရိမ်နေပါတယ်။ ပယင်းအမှုန့်တွေကို chemical ထည့် အစစ်ထက် ပိုလှအောင် လုပ်ထားတဲ့ပယင်းတွေဟာ ဘယ်လိုနည်းနဲ့ပဲစစ်စစ် အစစ်ပဲ ပြတယ် လို့ သိရပါတယ်။

လတ်တလော ဈေးကွက်အတွင်း ဝင်ရောက်နေတဲ့ သည်ပစ္စည်းအများစုက တရုတ်ပြည်ဘက်က ဝင်ရောက်လာတာ လို့ဝယ်ရောင်းအချို့က ဆိုပါတယ်။ ပယင်းဟာ နှစ်သန်းပေါင်းများစွာက ပေါက်ရောက် တည်ရှိခဲ့တဲ့ ထင်းရှူးမျိုးနွယ်သစ်ပင်ကြီးတွေရဲ့ သစ်စေးကတစ်ဆင့် ကမ္ဘာမြေရဲ့ အပူချိန်နဲ့ ဖိအားတွေကြောင့် ပြောင်းလဲလာတဲ့ သဘာဝရတနာတစ်ပါး ဖြစ်ပါတယ်။

သူ့မှာ ဆေးဖက်ဝင် သဘာဝပစ္စည်းတွေ ပါဝင်လို့ ကျန်းမာရေးအရ အသုံးတည့်တယ်။ လက်စွပ်၊ လက်ပတ်၊ နားကပ်၊ ဆွဲသီးကစလို့ ခေါင်းအုံးအထိ ပယင်းကို အမြတ်တနိုး ဝယ်ယူဝတ်ဆင်အသုံးပြုကြတယ်။ ကျောက်မျက်ရတနာတစ်ပါးအဖြစ် သတ်မှတ်ခြင်းခံရတဲ့ မြန်မာနိုင်ငံထွက် ပယင်းတွေဟာ တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့ရောင်းချနေပြီး ယခုနောက်ပိုင်းနှစ်တွေမှာတော့ ပြည်တွင်းဈေးကွက်မှာပါ လူကြိုက်များ ရေပန်းစားနေတဲ့ရတနာ ဖြစ်ပါတယ်။ အဖိုးတန်ရတနာအဖြစ် ယူဆဝတ်ဆင်ကြသလို ပယင်းဝတ်ဆင်ထားခြင်းဖြင့် သွေးလည်ပတ်မှု အားကောင်းပြီး အနာရောဂါသက်သာ ပျောက်ကင်းစေတယ်လို့ ယူဆပြီး ဝတ်ဆင်သူတွေလည်းရှိပါတယ်။

ပြုပြင်ထားတဲ့ ပယင်းမှာတော့ အရောင်အရည်အသွေးပိုင်းမှာ သဘာဝအစစ်ထက် ပိုမိုလှပအောင် ပြုလုပ်ထားတာမှန်ပေမဲ့ အစစ်ကဲ့သို့ သဘာဝရတနာရဲ့ ဂုဏ်သတ္တိမျိုးရှိမှာ မဟုတ်တဲ့အပြင် ဈေးနှုန်း သက်သာတဲ့ သည်ပစ္စည်းတွေကို အစစ်တွေနဲ့ယှဉ်ပြီး ဈေးပြိုင်ရောင်းနေတာတွေက သဘာဝပယင်း အရောင်းအဝယ် ဈေးကွက် အပေါ် ထိခိုက်လာနိုင်တယ်လို့ ကျွမ်းကျင်သူအချို့က ထောက်ပြပြောဆို ပါတယ်။

"အခိက သုံးစွဲသူတွေရဲ့ ယုံကြည်မှုကျဆင်းလာမှာပါ၊ တကယ့်ပယင်းက ရတနာအဖြစ် ဆင်မြန်းကြတာမှန်ပေမဲ့ သုံးစွဲသူအများစုက ဆေးဖက်ဝင်တယ်ဆိုတဲ့ သဘောသုံးကြတာများပါတယ်၊ အစစ်နဲ့ တူအောင်ဘယ်လိုပဲ တုပလုပ်လုပ်သူ့မှာပါတဲ့ သဘာဝပစ္စည်းတွေကတော့ ဘယ်လို မှတူညီမှာမဟုတ်တဲ့အတွက် သုံးစွဲသူတွေမှာ နစ်နစ်မှာပါ" လို့ အွန်လိုင်းကတစ်ဆင့် ပယင်းဝယ်ရောင်း လုပ်နေတဲ့ ကိုမျိုးက ပြောပါတယ်။

**Source:** WWW.KUMUDRANEWS.COM/NEWS-32549

## ဥရောပသမဂ္ဂမှ ဗြိတိန် သဘောတူညီချက်မဲ့ နုတ်ထွက်ပါက ဂျာမနီစီးပွားရေးအတွက် ပြင်းထန်သည့်ထိုးနက်မှုဖြစ်နိုင်

ဗြိတိန်သည် သဘောတူညီချက်မဲ့ ဥရောပသမဂ္ဂမှ နုတ်ထွက်မည်ဆိုပါက ဂျာမနီအနေဖြင့် အဆိုးဆုံး အခြေအနေမျိုးတွင် စုစုပေါင်းပြည်တွင်း အသားတင်ထုတ်ကုန် (GDP) တန်ဖိုး အနည်းဆုံး ၀.၅ ရာခိုင်နှုန်း ကျဆင်းသွားမည် ဖြစ်ကြောင်း ၊ ၂၀၁၉ ခုနှစ်တွင်ပင်လျှင် ဂျာမနီ၏ စီးပွားရေးနစ်နာ ဆုံးရှုံးမှုသည် ယူရိုငွေ ၁၇ ဘီလီယံအထိ ရှိနိုင်ကြောင်း ဂျာမနီစက်မှုလုပ်ငန်းများ အဖွဲ့ချုပ် (BDI) ညွှန်ကြားရေးမှူးချုပ် Joachim Langက ဖေဖော်ဝါရီ ၂၆ ရက်တွင် ဘာလင်မြို့၌ ပြောကြားခဲ့ကြောင်း သိရသည်။

ပြင်ဆင်ထားသည့် Brexit သဘောတူညီချက်ကို ဗြိတိန်လွှတ်တော်က အတည်မပြုပယ်ချခဲ့မည် ဆိုပါက Brexitအရေးကို ခေတ္တ ရပ်ဆိုင်းသင့်ကြောင်း ဂျာမနီစက်မှုလုပ်ငန်းများ အဖွဲ့ချုပ် (BDI) က နှိုးဆော်ထားသည်။ ခေတ္တရပ်ဆိုင်းခြင်းက သဘောတူညီချက်မဲ့နုတ်ထွက်ခြင်းနင့်ယှဉ်လျှင် ကောင်းမွန်သည်ဟုလည်း ဆိုသည်။ Brexit သဘောတူညီချက် ဒုတိယအကြိမ်မဲခွဲဆုံးဖြတ်မှုကို ဗြိတိန်လွှတ်တော်က ဖေဖော်ဝါရီ ၂၇ ရက်တွင်ပြုလုပ်ရန် နဂိုမူလက သတ်မှတ်ထားသည်။ ထိုအချိန်မတိုင်မီ ဗြိတိန်ဝန်ကြီးချုပ် ထရီဇာမေက အဆိုပါမဲခွဲဆုံးဖြတ်မှုကို အချိန်ရွှေ့ဆိုင်းကြောင်းနှင့် မတ်လ ၁၂ ရက် မတိုင်မီ ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ မတ်လ ၂၉ ရက် ဗြိတိန် ဥရောပသမဂ္ဂမှ တရားဝင်နုတ်ထွက်မည့်နေ့နီးကပ်လာသည်နှင့်အမျှ သဘောတူညီချက်မဲ့နုတ်ထွက်မည်ကို စောင့်ကြည့်လေ့လာသူအများက စိုးရိမ်ကြောင့်ကြလျက်ရှိကြောင်း သိရသည်။(Xinhua)

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## မဟာအောင်မြေမှာ ကျောက်စိမ်းလက်ကောက် ဈေးကွက်ကောင်းမွန် ဈေးတန်းလည်းမြင့်

မန္တလေး မဟာအောင်မြေ ကျောက်မျက်ရောင်းဝယ်ရေးစခန်း ကျောက်ဝိုင်း အရောင်းအဝယ်ဈေးကွက်မှာ သည်ရက်ပိုင်း ကျောက်စိမ်းလက်ကောက် ဈေးကွက် ကောင်းမွန်နေပြီး တရုတ်နှစ်ကူးကာလ မတိုင်ခင်နဲ့နှိုင်းယှဉ်ရင် ဈေးတန်းလည်းမြင့်မားလာတယ်လို့ သိရပါတယ်။

လက်ကောက်လိုင်းကတော့ သည်ရက်ပိုင်း ထူးထူးခြားခြားကို ကောင်းနေတယ်။ ခါးသန်သန်တွေ အရောင်းအဝယ် ဖြစ်တယ်။ အခုလက်ရှိရောင်းလိုက်တာဆို ကွင်း ၁၂၀ လောက်ကို သိန်း ၁၄၀ ပေးတဲ့ ကျောက်ခုပြန်ပြီး တိုက်တော့ အရင်ပေးဈေးထက် သိန်း ၂၀ လောက်ပိုတယ်လို့ လက်ကောက်ဝယ်ရောင်းက ပြောပါတယ်။

တရုတ်ဝယ်လက်တွေ ဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာပြီဖြစ်လို့ ကျောက်ဝိုင်းမှာ ယခုလို ကျောက်စိမ်းအရောင်းအဝယ်ပြန်လိုက်စပြုနေပြီး ဈေးတန်းပါ မြင့်မားလာတာဖြစ်တယ်။လက်ကောက်လိုင်းအပြင် လွှာချပ်လိုင်းမှာလည်း ပြန်လည် အရောင်းအဝယ်ဖြစ်လာတယ်လို့ ဝယ်ရောင်း ၊ပွဲစား ၊ကုန်သည် အချို့က ဆိုပါတယ်။



လက်ရှိမှာ အရောင်းအဝယ် ဖြစ်စပြုတယ်ဆိုပေမဲ့ ကျောက်ဝိုင်းအရောင်းအဝယ် ဈေးကွက်ဟာ လွန်ခဲ့တဲ့ ငါးနှစ်ခန့်ကနဲ့ယှဉ်ရင် ဈေးကွက်ကျဆင်းမှုဟာ ၇၅ ရာခိုင်နှုန်းခန့်အထိ ရှိတယ်လို့ သိရပါတယ်။ သည်အနေအထားတွေကြောင့် ပြည်တွင်းကျောက်စိမ်းဈေးကွက် ပြန်လည်ဦးမော့လာဖို့ဆိုရင် ကျောက်စိမ်းအရိုင်းတုံးကို မြန်မာ့ကျောက်မျက်ရတနာပြပွဲတွေမှာ တင်သွင်းရောင်းချတာကလွဲလို့ အခြားနည်းနဲ့ ပြည်ပသို့ တင်ပို့ရောင်းချခြင်းကို ခွင့်မပြုဖို့ လိုအပ်တယ်လို့ ကျောက်စိမ်းလုပ်ငန်းရှင်အချို့က အကြံပြုပြောဆိုပါတယ်။

ပြည်တွင်းကျောက်စိမ်း ဈေးကွက်ကျဆင်းရခြင်းရဲ့ အဓိကအကြောင်းရင်းတွေထဲမှာ ပြည်ပကို ကျောက်စိမ်း အလွန်အကျွံ တင်ပို့မှုကလည်း တစ်ခုအပါအဝင်ဖြစ်တယ်။ အရိုင်းအတိုင်းကို အလွန်အကျွံပြည်ပ တင်ပို့ခြင်းကြောင့် ပြည်တွင်းဈေးကွက်အတွင်းသို့ ကျောက်စိမ်း ကုန်ကြမ်းစီးဆင်းမှုမရှိတော့ဘဲ ကျောက်စိမ်းမှန်သမျှ တရုတ်ပြည်သို့ စုံပြုံရောက်ရှိကာ ပြည်တွင်း ကျောက်စိမ်းဈေးကွက် အကြီးအကျယ် ပျက်စီးစေခဲ့တယ်လို့ ကျောက်သမားအချို့က ပြောပါတယ်။

"တရားဝင်/တရားမဝင် ပိတ်ပေးဖို့၊ ဒီဘက်မှာ ကျောက်ကောင်းတွေက ထွက်နေတော့ အင်ပိုရီယမ်မှာ နိုင်ငံခြားသား ဒီကိုဝင်ဖို့က အားနည်းသွားပြီ၊ ဈေးကွက်ကို လာဝယ်ဖို့ အားနည်းသွားပြီ၊ ဒါကြောင့် နိုင်ငံခြားသားလဲ လာအောင်၊ နိုင်ငံတော်လဲအခွန်ရအောင် ကျောက်သမားစကားပြောရရင် ဟိုဘက်လိုင်ဇာပေါက်နဲ့ တရားမဝင် ထွက်တဲ့ အပေါက်တွေကို ပိတ်ပေးဖို့ လိုတယ်"လို့ ကျောက်စိမ်းရောင်းဝယ်ရေး ကုမ္ပဏီပိုင်ရှင်တစ်ဦးက ပြောပါတယ်။

ဒါကြောင့်မို့ ပြည်တွင်း ကျောက်စိမ်းဈေးကွက်ကို ပြန်လည်မြှင့်တင်ဖို့ဆိုရင် ကျောက်စိမ်း အရိုင်းတုံး ပြည်ပ တင်နေတဲ့ တရားမဝင်ရော တရားဝင်ရော လမ်းကြောင်းတွေကို ပိတ်ပင်ပေးဖို့ လိုအပ်တယ်လို့ သိရပါတယ်။

**Source:** https://www.kumudranews.com/news32522

## အိန္ဒိယသို့ ပဲတင်ပို့နိုင်ရေး မြန်မာကုန်သည်များ အချက် ၃ ချက်တောင်းဆိုခဲ့

မြန်မာနိုင်ငံ ပဲနှမ်းအသင်းနှင့် ဘုရင့်နောင်ကုန်စည်ဒိုင်မှ တာဝန်ရှိသူများက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်နှင့် စီးပွားရေးသံမှူးတို့ကို တွေ့ဆုံ၍ အိန္ဒိယသို့ ပဲတင်ပို့ရောင်းချနိုင်ရေး အချက်သုံးချက်ကို တောင်းဆို ခဲ့ကြောင်း မြန်မာနိုင်ငံ ပဲနှမ်းအသင်းဝင် ပဲကုန်သည် ဦးကျော်ထက်က ပြောသည်။

ယခုလ ၂၁ ရက်မှ ၂၃ ရက်အထိ အိန္ဒိယနိုင်ငံတွင် ပြုလုပ်ခဲ့သောIndia Asean Export and Summit ပွဲတွင် ယင်းသို့ တောင်းဆိုခဲ့ခြင်းဖြစ်ပြီး အထူးသဖြင့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းစသည့် သုံးမျိုးစလုံးကို ပုံမှန်ပြန်လည် တင်ပို့နိုင်ရေးကို အဓိကတောင်းဆိုခဲ့သည်ဟု ၎င်းက ဆိုသည်။ ထိုသို့တောင်းဆိုရာ မတ်ပဲကို ၂၀၁၉ ခုနှစ်အတွက် သတ်မှတ်ခွဲတမ်း (quota) ကို တန်ချိန် လေးသိန်း ခွင့်ပြုပေးပါရန်၊ တင်သွင်းချိန်ကာလကို ယမန်နှစ်ကကဲ့သို့ သုံးလတည်းသာ မသတ်မှတ်ဘဲ တစ်နှစ်ပေးပါရန်အပြင် အိန္ဒိယဘက်မှ တင်သွင်းခွင့်ပြုသည့် တန်ချိန်ပမာဏကို ဆောလျှင်စွာ ကြေညာပေးရန် တောင်းဆိုခဲ့သည်ဟု ၎င်းက ပြောသည်။ ကြေညာရာတွင်လည်း မြန်မာနိုင်ငံ၏ ပဲထွက်ရာသီချိန်ဖြစ်သော ၂၀၁၉ ခုနှစ် မတ်လတွင် ကြေညာပေးရန် တောင်းဆိုခဲ့သည်ဟု ဦးကျော်ထက်က ဆိုသည်။

တောင်းဆိုချက် သုံးချက်အတွင်းမှ ပထမအချက်ဖြစ်သော မတ်ပဲတန်ချိန်ခွဲတမ်း လေးသိန်းသည် အလွန် သင့်လျော်ပြီး လာမည့်ရာသီ မတ်လ မတ်ပဲရာသီပေါ်ချိန်တွင် အသစ်ထွက်ပေါ်လာမည့် ခန့်မှန်းတန်ချိန် လေး၊ ငါးသိန်းကို အခြားနိုင်ငံများနှင့် မျှရောင်းလျှင် ကုန်သွားနိုင်၍ ပဲများကျန်ရှိနေနိုင်သည့် အခက်အခဲမှ ကျော်လွှားနိုင် မည်ဟု ၎င်းက သုံးသပ်သည်။

အလားတူ ဒုတိယတင်ပြချက်ဖြစ်သည့် အိန္ဒိယနိုင်ငံ အတွင်းသို့ တင်သွင်းချိန် တစ်နှစ်ရလျှင် ပုံမှန်ဈေးကွက် အနေအထားကိုကြည့်ကာ ဈေးစောင့်ချိန်ရပြီး ပြန်ပိတ်သွားမည်စိုး၍ အလုအယက် ချရောင်းခြင်းဘေးမှ ကင်းဝေး မည်ဟု ဦးကျော်ထက်က ပြောသည်။

တတိယတောင်းဆိုချက်ဖြစ်သည့် အိန္ဒိယအစိုးရမှ ပဲတင်သွင်းခွင့်ပမာဏကို ဆောလျှင်စွာဖြင့် လယ်သမား၏ ပဲထွက်ပေါ်ချိန်တွင် ကြေညာပေးပါက တောင်သူများအတွက် ဈေးကောင်းရနိုင်သည့် အခွင့်အလမ်းရနိုင်မည် ဖြစ်သည်။

အိန္ဒိယအစိုးရက မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ တင်သွင်းမှုနှင့် ပတ်သက်၍ မူဝါဒများ ပြောင်းလဲ သတ်မှတ် လိုက်ပြီး ပြည်ပမှ ပဲတင်သွင်းမှုကို ပမာဏအကန့်အသတ်ဖြင့်သာ တင်သွင်းခွင့်ပြုကြောင်း ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ တွင် ကြေညာခဲ့သည်။

အိန္ဒိယအစိုးရ၏ မူဝါဒမတည်ငြိမ်မှုများကြောင့် ဈေးကွက်မသေချာသည့်အတွက် မြန်မာအစိုးရဘက်မှလည်း မတ်ပဲ၊ ပဲစင်းငုံများကို တောင်သူများ စိုက်ပျိုးခြင်းမပြုဘဲ အခြားဈေးကွက်ရ သီးနှံများကို ပြောင်းလဲစိုက်ပျိုးကြရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အသိပေးခဲ့သည်။

အိန္ဒိယအစိုးရ၏ မူဝါဒကြောင့် ပဲတင်ပို့မှုကို ရိုက်ခတ်မှုမရှိစေရန် အစိုးရအချင်းချင်း လက်မှတ်ရေးထိုး ရောင်းချ နိုင်အောင် နှစ်ဖက်ဆွေးနွေးဆောင်ရွက်နေပြီး မြန်မာဘက်က ခွဲတမ်းကျတင်ပို့သော စနစ်ဖြင့်ဖြစ်စေ၊

G to G ဖြင့်ဖြစ်စေ၊ မည်သည့်ပုံစံမဆို လုပ်ဆောင်ပေးမည်ဟု ပြောသော်လည်း လက်ရှိတွင် အိန္ဒိယအစိုးရက G to G ထက် တစ်နှစ်တစ်ခါပေးသည့် ကန့်သတ်ပမာဏ ခွဲတမ်းစနစ်ဖြင့်သာ တင်သွင်းခွင့်ကို ပြန်၍ စိတ်ဝင်စားနေသည်ဟု ဦးကျော်ထက်က ပြောသည်။

**Source:** https://myanmar.mmtimes.com/news/120931.html

## နယ်စုံမှ ဆန်သစ်များဝင်လာသော်လည်း အရောင်းအဝယ်ကျဆင်း

ယခုရက်ပိုင်းအတွင်း နယ်စုံမှထွက်သည့် ဆန်သစ်များ ရန်ကုန်ဈေးကွက်အတွင်းသို့ အများအပြား ဝင်ရောက်လာသော်လည်း အရောင်းအဝယ်ကျဆင်းနေသည့် အခြေအနေမျိုးဖြစ်နေကြောင်း ဆန်စပါးဒိုင် (ဝါးတန်း) ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းထံမှ သိရသည်။

**ကျဆင်းနေ**

"အခုက နယ်စုံကပေါ်ဆန်းဆန်သစ်တွေ အကုန်ထွက်နေပြီး ဈေးကောင်းနေပေမယ့် အရောင်းအဝယ်ကတော့ မကောင်းဘူး။ ပေါ်ခါစတုန်းကတော့ စိုထိုင်းဆရှိနေလို့ ဈေးသိပ်မကောင်းဘူး။ အခုတော့ တဖြည်းဖြည်းနဲ့ ဈေးကောင်းလာပေမယ့် အရောင်းအဝယ် အနေအထားအရ မကောင်းဘဲ ကျဆင်းနေတာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ယခုအခါ ကုန်စည်ဒိုင်အတွင်း ပေါ်ဆန်း(ဘိုကလေး) တစ်အိတ်လျှင် ငွေကျပ် ၃၆,၀၀၀ မှ ကျပ် ၃၇,၀၀၀ ကြား၊ ပေါ်ဆန်း(ရွှေဘို) တစ်အိတ်လျှင် ငွေကျပ် ၅၁,၀၀၀ မှ ကျပ် ၅၃,၀၀၀ ကြား ပေါက်ဈေးရှိနေသကဲ့သို့ ဆန်ကြမ်းများတွင် ဧည့်မထ ရက် ၉၀ ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၈,၅၀၀ မှ ကျပ် ၁၉,၅၀၀ ပေါက်ဈေး ရှိပြီး ဧယာ(ရှယ်) ၂၅ မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၂၁,၅၀၀ မှ ကျပ် ၂၁,၈၀၀ အထိ ပေါက်ဈေးရှိကာ ရောင်းဝယ်နေကြကြောင်း သိရသည်။

**အရောင်းအဝယ်မကောင်း**

"ဆန်သစ်တွေဝင်ပေမယ့် နမူနာချက်ကြည့်တယ်။ ကောင်းတဲ့ ဆန်ပဲ ဝယ်ကြတာများတယ်။ ဈေးကတော့ မြင့်တက်နေပေမယ့် အရောင်းအဝယ်ကတော့ ဒီလောက်ကြီးမကောင်းဘူး" ဟု ဆန်ကုန်သည် ဦးအောင်သူက ပြောဆိုသည်။

**Source:**https://myanmar.mmtimes.com/news/120924.html

## အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးစာချုပ်ကို ဂျပန် ပြန်လည်ပြင်ဆင်မည်

အာဆီယံနဲ့အကြား လွတ်လပ်သော ကုန်သွယ်ရေးစာချုပ် FTA တစ်ရပ်ကို ပြန်လည်ပြင်ဆင် သွားမယ့် အစီအစဉ်နဲ့ ပတ်သက်လို့ ဂျပန်အစိုးရကအတည်ပြုလိုက်ပြီဖြစ်ပါတယ်။

ယခု အာဆီယံ-ဂျပန်အကြား FTA စာချုပ်ကို ပြန်လည်ပြင် ဆင်ရာမှာတော့ ဝန်ဆောင်မှုကဏ္ဍနဲ့ ရင်းနှီးမြှုပ်နှံမှု နယ်ပယ်တို့မှာ ဖြေလျှော့မှုတွေ ပြုလုပ်မယ့်အချက်ကို ထည့်သွင်းလာဖို့ ရှိနေပါတယ်။ အာဆီယံ ဆယ်နိုင်ငံနဲ့ ဂျပန်အကြားက ယင်းစာချုပ်ကတော့ သက်ဆိုင်ရာ နိုင်ငံတွေရဲ့ ပြည်တွင်း လုပ်ထုံးလုပ်နည်းတွေ အပြီးသတ်တာနဲ့တစ်ပြိုက်နက် အသက်ဝင်လာတော့မှာဖြစ်ပါတယ်။ ဂျပန်အနေနဲ့ ယင်းသဘောတူညီချက်ကို ဖေဖော်ဝါရီ ၂၇ မှာ လက်မှတ်ထိုးမှာဖြစ်ပြီး ဆောင်းဦးကာလမှာ ပါလီမန် အတည်ပြုချက် ရယူသွားမယ်လို့ သိရပါတယ်။

"ဒီပြန်ပြင်ထားတဲ့စာချုပ်က အာဆီယံနဲ့ ကျွန်တော်တို့အကြားက စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေကို ပိုမိုအားကောင်းခိုင်မာစေနိုင်မယ့် ခြေလှမ်းကြီးတစ်ခု ဖြစ်လာမယ်လို့ မျှော်လင့်ထားပါတယ်" ဆိုပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီး Taro Kono က ပြောသွားပါတယ်။

ဂျပန်အတွက်ကတော့ အာဆီယံအုပ်စုက အဓိကကုန်သွယ်ဘက် ပို့တနာလည်း ဖြစ်ပါတယ်။ မူလရင်းမြစ်ဖြစ်တဲ့ အာဆီယံနဲ့အကြား စီးပွားရေးပူးပေါင်းမှု သဘောတူညီချက် ကို ၂၀၀၈ ခုနှစ်က အသက်ဝင်ထားစေခဲ့တာ ဖြစ်ပါတယ်။ ယင်းကတော့ ဂျပန်အတွက် ပထမဆုံးသော နိုင်ငံစုံပါ လွတ်လပ်သော ကုန်သွယ်မှု စာချုပ်လည်း ဖြစ်ပါတယ်။

**Source:**https://www.bangkokpost.com/…/japan-to-revise-asean-free-tr…SFJ Strategy First Journal

# STOCK EXCHANGE (28.2.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 28th Feb. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 94 | 827,200 | 27,112,747 | 238,592 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,850 | 1,761 | 5,058,950 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 10,400,986 | 75,927 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 21,000 | 0 | 0 | 2,472,053 | 51,913 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,650 | 2,700 | 2,650 | 13 | 34,950 | 12,212,906 | 32,975 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 375.25 | +0.00 | +0.00% | 375.25 | 375.25 | 375.25 | 1,868 | 5,921,100 | 5 | 512,302 |

### Index chart





# Market Overview

As of 1:00 pm, 28th Feb. 2019

| MYANPIX | 375.25 ▲ 0.00 |
|---|---|
| Total Volume (shares) | 1,868 |
| Total Value (MMK) | 6 mil |
| Listed Company | 5 |
| Market Cap. (MMK) | 512,302 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲0 |
| MTSH | 00002 | 2,900 | ▲0 |
| MCB | 00003 | 7,300 | ▲0 |
| FPB | 00004 | 21,000 | ▲0 |
| TMH | 00005 | 2,700 | ▲0 |